ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖရူဆိုမြို့နယ်**

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

- (NCDDP)



*Figure 1*

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

မြို့မအုပ်စု၊ လောဂျာ ကျေးရွာ

၂၀၁၇ခုနှစ်၊ဖရူဆိုမြို့နယ်

# မာတိကာ


**စဉ် အကြောင်းအရာ စာမျက်နှာ**

၁။ဖရှုဆိုမြို့နယ်အခြေပြမြေပုံ ..........................................................**Error! Bookmark not defined.**

၂။ မြို့မ ကျေးရွာအုပ်စုအခြေပြမြေပုံ ..................................................**Error! Bookmark not defined.**

၃။ မြို့မ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ..........................**Error! Bookmark not defined.**

ကျေးရွာအခြေခံ အချက်အလက်များ (လောဂျာ ကျေးရွာ) ........................**Error! Bookmark not defined.**

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ် ဇယား**Error! Bookmark not defined.**

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .**Error! Bookmark not defined.**

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ **Error! Bookmark not defined.**

(၂) ရာသီခွင်ပြပြက္ခဒိန် **Error! Bookmark not defined.**

(၄) ကျားမပင့်ကူအိမ်သုံးသပ်ခြင်း **Error! Bookmark not defined.**

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား **Error! Bookmark not defined.**

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ **Error! Bookmark not defined.**

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း .........**Error! Bookmark not defined.**

လောဂျာ ကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း**Error! Bookmark not defined.**


၈။ကျေးရွာအချက်အလက်( ပုံစံ-၁ )..................................................**Error! Bookmark not defined.**

၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)............................................**Error! Bookmark not defined.**


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) ...............................**Error! Bookmark not defined.**

၁၁။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.........................................................................30.

# ၁။ဖရူဆို မြို့နယ် အခြေပြ မြေပုံ



## ၂။ မြို့မ ကျေးရွာအုပ်စုအခြေပြမြေပုံ



## ၃။ မြို့မ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁. ဆိုလျားကူး ကျေးရွာ
၂. ထီးကလူဒေါ် ကျေးရွာ
၃. ခေါ်သမော ကျေးရွာ
၄. လောခုခူ ကျေးရွာ
၅. လောကျာ ကျေးရွာ
၆. ထီးသော်တနီးကူး ကျေးရွာ

# ကျေးရွာအခြေခံ အချက်အလက်များ (လောဂျာ ကျေးရွာ)

လောဂျာ ကျေးရွာသည် လွိုင်ကော်-မော်ချီး လမ်းမပေါ်တွင် ရှိပြီး ဖရူဆိုမြို့၏ အရှေ့တောင် ဘက်တွင် တည်ရှိပါသည်။ အိမ်ခြေ (၈၆)ရှိပြီး လူဦးရေ (၄၁၅)ဦး ရှိပါသည်။ ကယားလူမျိုး များသာ နေထိုင်ကြပါသည်။ အိမ်ခြေ(၆၇)မှာ ကက်သလစ် ခရစ်ယာန် ဘာသာကို ကိုးကွယ် ယုံကြည်ကြပြီး အိမ်ခြေ (၂၆)စုမှာ ရိုးရာတံခွန်တိုင်ကို ကိုးကွယ် ယုံကြည်ကြပါသည်။

လော**ဂျာကျေးရွာ၏အရှေ့မြောက်ဘက်တွင် အမြင့်ပေ ၂၀ ခန့်ရှိသော ကျောက်ဆောင်ကြီးတစ်ခု ရှိသည်။ ထိုကျောက်ဆောင်ကြီး၏ ထိပ်အစွန်းပိုင်းသည် ဝေါထွက်နေပြီး အနည်းငယ် ညွှတ်ကျနေပါသည်။ ထိုညွှတ်ကျနေသော အပိုင်းသည် ကျေးရွာဘက်သို့ မျက်နှာမူနေပါသည် ။၎င်းကို အစွဲပြု၍ ကျောက်ညွှတ်ရွာ (ကျောက်=လော/ဂျာ=ညွှတ်နေသည်) ကယားအခေါ် လောဂျာရွာဟု အမည်တွင် ခဲ့ပါသည်။**

စပါး၊ ပြောင်း၊ မြေပဲ စသည့် သီးနှံများကို တောင်ယာ ၊ လယ်ယာတို့တွင် အဓိက စိုက်ပျိုး လုပ်ကိုင်ပြီး အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာတွင် အခြေခံ အဆောက်အအုံများ ဖြစ်ကြသည့် အခြေခံ ပညာမူလတန်းကျောင်း၊ ကက်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်း နှင့် ခန်းမဆောင်၊ စာကြည့်တိုက်တို့မှာ ကျေးရွာ၏ အင်္ဂါရပ် နှင့်အညီ ထည်ဝါစွာ တည်ရှိနေပါသည်။


ကျေးရွာတွင်းတွင် လူ့အရင်းအမြစ်ဖြစ်သော မူလတန်းနှင့် အလယ်တန်းကျောင်းဆရာ/မများ ရှိခြင်း၊ စက်ပြင်ဆရာ၊ လျှပ်စစ်ကျွမ်းကျင်(မီးသမား)၊ ပန်းရံ ၊ လက်သမား စသည့် ကျွမ်းကျင် လုပ်သားများရှိခြင်းကြောင့် မိမိတို့ ပြုလုပ်လိုသော နေအိမ်များ၊ စီမံကိန်းနှင့် ပတ်သက်သည့် အခြေခံ အဆောက်အအုံများတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ သစ် ၊ဝါး ၊ကျောက်၊သဲ၊ မိရိုးဖလာကျေးရွာပိုင် သစ်တောနှင့် စိမ့်စမ်းရေ စသည့် သဘာဝ အရင်းအမြစ်များလည်းရှိပါသည်။ ၎င်းအရင်းအမြစ်များသည် မိမိတို့ ကျေးရွာအတွက် အရေးပါသဖြင့် မပျက်စီးစေရန် စောင့်ရှောက်မှုများလည်း ဆောင်ရွက်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA TOOLS များ |
|---|---|
| ၁ | ကျေးရွာအခြေအနေမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။ ၂၈.၁၀.၂၀၁၇

အုပ်စု။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။က(၂၂) ဦး

မ (၂၂ ) ဦး

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

လောဂျာ ကျေးရွာ၏ မြေပုံကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင်းရှိ လူသားနှင့် လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ)နှင့် သဘာဝ အရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် လောဂျာ ကျေးရွာ၏ လူမှုရေး ကိစ္စရပ်များကို လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။

လောဂျာ ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံအရ ကျေးရွာတွင် လူ့အရင်းအမြစ်များ (အဆောက်အဦးများ)၊ သဘာဝ အရင်းအမြစ်များ ဟူ၍ (၂)မျိုး ခွဲခြား တွေ့နိုင်ပါသည်။ လောဂျာကျေးရွာတွင် အဓိက အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ ရေလှောင်ကန်၊ သင်္ချိုင်း၊ ဘုရားကျောင်း၊ ထရန်စဖာ၊ အိမ်သာ၊ မူကြိုကျောင်း၊ ခန်းမဆောင်၊ စာသင်ကျောင်းတို့ ဖြစ်ပါသည်။ လောဂျာကျေးရွာတွင်းသို့ ဆက်သွယ်ထားသော ကျောက်ခင်းလမ်းမှာ ရာသီမရွေး သွားလာနိုင်သဖြင့် ရာသီထွက် စိုက်ပျိုးသီးနှံများကို ရိတ်သိမ်းသယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောင်းကားခြင်း တို့အတွက် လွယ်ကူ အဆင်ပြေလှပါသည်။

ကျေးရွာဆေးခန်း မရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ခံယူနိုင်ရန် ဖရူဆိုမြို့နယ် ကျန်းမာရေးဌာနအထိ သွားရောက် ကုသမှု ခံယူရပါသည်။ လောဂျာကျေးရွာ မူလတန်းကျောင်းမှာ တိုက်ဖြင့် ဆောက်လုပ်ထားပြီး KG တန်းမှ စတုတ္ထတန်းထိ ရှိပြီး ဆရာ/မ ဝန်ထမ်း အင်အားတို့မှာ မျှတမှု ရှိပါသည်။ မူကြိုကျောင်းကို ဝါးထရံဖြင့် ဆောက်လုပ် ထားခြင်းကြောင့် လုံခြုံ စိတ်ချမှု မရှိသေးချေ။ လျှပ်စစ်မီးနှင့် ပတ်သက်၍ ကျေးရွာထိ ထရန်စဖာများ တပ်ဆင်ခြင်း၊ မီးကြိုးများ သွယ်တန်းခြင်းများ ရှိသော်လည်း စီးပွားရေး မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် မီတာဘောက် မဝယ်ယူနိုင်သောကြောင့် အိမ်တိုင်းတွင် မီးမရရှိနိုင်သေးချေ။

လောဂျာကျေးရွာရှိ သဘာဝ အရင်းအမြစ်မှာ ကျေးရွာ ပိုင်သစ်တောများ၊ ဝါးတောများ၊ ကျောက်တောင်များ၊ တောင်ယာများ ဖြစ်ပါသည်။လောဂျာ ကျေးရွာတွင် ရှိသော လူ့အရင်းအမြစ်များ နှင့် သဘာဝ အရင်းအမြစ်များမှာ ကျေးရွာအတွင်းရှိ လူဦးရေ ထူထပ်လာမှု၊ တပ်မြေဧရိယာ အဖြစ်သိမ်းယူခြင်းတို့ကြောင့် မလုံလောက်မှုများ ဖြစ်နေပါသည်။ လောဂျာကျေးရွာသည် ကျေးရွာပိုင် သဘာဝစိမ့်စမ်းရေမရှိသဖြင့် ဖရူဆို စိမ့်စမ်းရေမှတဆင့် ရေကိုသွယ်ယူ အသုံးပြုကြပါသည်။

သဘာဝ အရင်းအဖြစ်များရှိသဖြင့် ကျေးရွာတွင် လိုအပ်သော သစ်၊ ဝါး ၊ ကျောက်များကို အလွယ်တကူ ထုတ်ယူ သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပါသည်။ ကျေးရွာပိုင် သစ်တော အရင်းအမြစ်ကို လောင်စာထင်းအဖြစ် ခုတ်ယူခြင်း တို့ကြောင့် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့နေရပါသည်။ သို့သော် ယခုအချိန်တွင် ပြင်ပ အဖွဲ့အစည်းများ၏ လာရောက် အသိပညာပေးခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင်၏ တန်ဖိုးကို သိရှိလာကြပြီး ထိန်းသိမ်းမှုကို စတင် လုပ်ဆောင်လာခဲ့ကြ ပါသည်။

လောဂျာကျေးရွာတွင် ကယားလူမျိုးစု တစ်စုတည်းသာ စုပေါင်း နေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန် ဘာသာနှင့် ရိုးရာတံခွန်တိုင်တို့ကို ယုံကြည် ကိုးကွယ်ကြပါသည်။ လောဂျာကျေးရွာတွင်(၂၀၁၇)ခုနှစ်တိုင် အိမ်ထောင်စုမှာ (၈၆)စု ရှိပြီး အခြား ကျေးရွာသို့ ပြောင်းရွှေ့သွားခြင်း မရှိပေ။

လောဂျာ ကျေးရွာ၏ မြေပုံ သုံးသပ်ချက်အရ-


(၁) နွေရာသီတွင်ရေလုံလောက်ခြင်း။

(၂) သစ်တောအရင်းအမြစ်နည်းပါးလာခြင်း။

(၃) တောင်ယာအရင်းအမြစ်နည်းပါးလာခြင်း။

(၄) ကျေးရွာ အတွင်းသွားလာအသုံးပြုနေသောလမ်းမှာလုံခြုံစိတ်ချမှုရှိခြင်း။

## (၂) ရာသီခွင်ပြပြက္ခဒိန်



ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။၂၈. ၁၀. ၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၂၂) ဦး

မ (၂၂) ဦး

## ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ လောဂျာကျေးရွာ၏ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အပြောင်းအလဲများကို မှတ်တမ်း တင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသော အခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်းအခြား အလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကို သိရှိရန်၊ ရာသီဉတုနှင့် ပွဲတော် အခြေအနေများကို သိရှိလာစေရန် ရည်ရွယ်ပါသည်။

လောဂျာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် အရ လောဂျာကျေးရွာ၏ အဓိက အသက်မွေး ဝမ်းကြောင်းမှာ တောင်ယာ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး လုပ်ကိုင် ကြပါသည်။ ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုးသောကြောင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် မိသားစု များ လောင်စာအဖြစ် သုံးစွဲရန် ထင်းခုတ်ခြင်း၊ မြေပဲခွဲခြင်း၊နေအိမ်များဆောက်လုပ်ပြုပြင်ခြင်း၊ မီးဘေးအန္တရယ် ကြိုတင်ကာကွယ်ခြင်း၊ ဧပြီလတွင် တောင်ယာများကို ကြိုတင် ခုတ်ထွင် မီးရှို့ ရှင်းလင်းခြင်း၊ အိမ်(သို့မဟုတ်)ခြံစည်းရိုး အသုံးပြုရန် အတွက် ဝါးကို ကြိုတင် ခုတ်ထားခြင်း၊ ငုက်ပျောပင်များ စိုက်ပျိုးခြင်း၊ တောင်ယာခင်း ခြံကာရံခြင်း၊ မေလတွင် တောင်ယာ ထွန်ယက်ခြင်း၊ ပြောင်းဖူးစိုက်ပျိုးခြင်း၊ ဇွန်လတွင် ပြောင်းကောက် စိုက်ပျိုးခြင်း၊ ဇူလိုင်လတွင် စပါးစိုက်ခြင်း၊ သြဂုတ်လတွင် မြေပဲ စိုက်ပျိုးခြင်း၊ စက်တင်ဘာလတွင် စိုက်ပျိုးပြီးသော သီးနှံများအား ပေါင်းရှင်းခြင်း၊ အချို့သော အပင်များကို ဇူလိုင်လ မတိုင်ခင် ပေါင်းရှင်းလင်းပေး ရပါသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် မြေပဲများနုတ်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ပြောင်းဖူးများသိမ်းခြင်း၊ ဒီဇင်ဘာလတွင် ကျန်သီးနှံများ အားလုံးကို ရိတ်သိမ်း ကြပါသည်။

လောဂျာ ကျေးရွာသည် လွိုင်ကော်-မော်ချီး ကားလမ်းမပေါ်တွင် တည်ရှိသဖြင့် လမ်းပန်း ဆက်သွယ်ရေး အလွန် အဆင်ပြေပါသည်။ ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ကျေးရွာတွင်းလမ်းမှာ နိုဝင်ဘာလမှ မေလ အထိ စက်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ အဆင်ပြေစွာ သွားလာ အသုံးပြုနိုင်ပါသည်။ဇူလိုင်လမှ အောက်တိုဘာလ အထိ မိုးရာသီ ဖြစ်ပြီး ကျေးရွာတွင်း နွားလှည့်များ၏ သွားလာ အသုံးပြုမှု၊ စက်၊ ထော်လာဂျီများ၏ ဘီးယက်မှုကြောင့် လမ်းမှာ လူ၊ ဆိုင်ကယ်များ သွားလာ အသုံးပြုရာ အတွက်ပင် ခက်ခဲပါသည်။

လောဂျာကျေးရွာတွင် ရေလုံလောက်စွာ ရရှိပါသည်။ နွေရာသီတွင် ရေထွက်အားနည်းသော်လည်း လုံလောက်စွာ အသုံးပြုနိုင်ပါသည်။

လောဂျာကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ အနည်းငယ် ရှိပါသည်။ ဒီဇင်ဘာလတွင် နာစေး၊ ချောင်းဆိုး ဖြစ်တတ်ပြီး ဇွန်လမှဇူလိုင်လတွင် ငှက်ဖျားရောဂါအဖြစ်များသည်။ ဇန်နဝါရီလမှ ဧပြီလအထိ ၂ နှစ်အောက်ကလေးငယ်များ ဝမ်းပျက် ဝမ်းလျှောဖြစ်ပြီး ကြက်၊ ဝက်၊ နွား တို့မှာလည်း နာမကျန်းဖြစ်လေ့ရှိသည်။

လောဂျာကျေးရွာသည် ရာသီ သီးနှံများသာ စိုက်ပျိုးကြပြီး ရိတ်သိမ်းထားသော သီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေ ရရှိကြပါသည်။ ကျေးရွာတွင် အနွမ်းပါးဆုံးသော အိမ်ထောင်စု အနည်းငယ် လုပ်ကိုင် မှီခိုကြသော လုပ်ငန်းများမှာ တောင်ယာ၊ လယ်ယာ အငှားလိုက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်တာဝင်ငွေလုံလောက်မှု မရှိသော အချို့နွမ်းပါးသူ အိမ်ထောင်စုမှာ တောင်ယာ အငှားလိုက်ခြင်းမှ ရရှိသော လုပ်အားခ စုဆောင်းရငွေနှင့် တောင်ယာ အနည်း အကျဉ်းလုပ်၍ ရရှိလာသောစပါးများကို

ရောင်းချခြင်း မပြုဘဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံအောင် ချွေတာ စားသုံးခြင်း၊ ရိတ်သိမ်းပြီးချိန်တွင် ပန်းရံလုပ်ကိုင်ခြင်း၊ လမ်းလုပ်ရန်တွင် သွားရောက် လုပ်ကိုင်ခြင်းတို့ဖြင့် အပိုဝင်ငွေ ရှာကြရပါသည်။ လောဂျာ ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဝက်တို့ကို ရောင်းချခြင်းလည်း ပြုလုပ်ကြပါသည်။

အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ပြဿနာ အခက်အခဲမှာ (ဥပမာ- မုဆိုးမ ဦးဆောင်ရသော အိမ်ထောင်စု၏ အဓိက တောင်ယာ လုပ်ငန်းတွင် အမျိုးသား အင်အားဖြင့် ပြုလုပ်ရသော အရာတွင် ယောကျာ်း မရှိခြင်းကြောင့် အခက်အခဲ ရှိပါသည်။) လောဂျာ ကျေးရွာတွင်းရှိ အမျိုးသမီးအများစုမှာ တောင်ယာ လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြု ကြပါသည်။ ကျေးရွာတွင်း နေ့စား လုပ်အားခ တစ်ရက်နှုန်းထားမှာ(၅၀၀၀)ကျပ် ဖြစ်ပြီး အလုပ်ကျပ်ချိန် ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ (၆၀၀၀)ကျပ် အထိ တိုးငှားရမ်း ကြပါသည်။ လောဂျာကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခမှာ တန်းတူ ရရှိကြပါသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေး ဝမ်းကြောင်းလုပ်ငန်းနှင့် ပတ်သက်သော ပြဿနာ၊ အခက်အခဲမှာ တောင်ယာ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး နည်းပညာ အားနည်းခြင်း၊အရက် အကြောက်ကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။


လောဂျာကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်းအသင့်အတင့်အောင်မြင်ခြင်း။

(၂) နွေရာသီတွင်သောက်သုံးရေလုံလောက်မှုရှိခြင်း။

(၃) ဂင်ငွေအတင့် အသင့် ရှိခြင်း စသည်တို့ဖြစ်သည်။

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



လောဂျာကျေးရွာ၏ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ရက်စွဲ၊ ၂၈ ၁၀.၂၀၁၇

ပါဝင်ဆွေးနွေးသူဦးရေ ကျ. ၅၂ ဦး၊ မ ၄၂ ဦး

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | တိုက်အိမ် - ဆိုင်ကယ် - ထော်လာဂျီ - ကား - ကျွဲ - နွား - ပစ္စည်းပိုင် - ဆိုင်ခန်း - လက်တွန်းတွန်းစက် | ၁၁ အိမ် | 12.79% |
| အသင့်အတင့်အုပ်စု | ပျဉ်ထောင်အိမ် - ဆိုင်ကယ် - ကျွဲ - နွား - ထော်လာဂျီ - လက်တွန်းတွန်းစက် | ၅၄ | 62.79% |
| မပြေလည်သောအုပ်စု | ဝါးအိမ် - ဆိုင်ကယ် - နွား - ကျွဲ (အနည်းငယ်) | ၁၆ | 18.60% |
| နွမ်းပါးသောအုပ်စု | သက်ကြီးရွယ်အို မုဆိုးမ (တောင်ယာမရှိ) | ၅ | 5.82% |

ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။၂၈ . ၁၀. ၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၂၂) ဦး

မ (၂၂) ဦး

## ဥစ္စာဓနအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဥစ္စာဓန အဆင့် သတ်မှတ်မှု ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လောဂျာကျေးရွာတွင် ရှိသော ချမ်းသာသော အုပ်စု၊ ထိခိုက်လွယ်သော အုပ်စု၏ ပိုင်ဆိုင်မှုများအား သိရှိနားလည် စေရန်နှင့် စီမံကိန်းလုပ်ငန်း ရေးဆွဲရာတွင် လူနည်းစုများ ပါဝင် လာစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို မြင်သာစေရန် ရည်ရွယ်ပါသည်။

လောဂျာကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်ခြင်း ပြဇယားအရ လောဂျာကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စု၊ အသင့်အတင့်သော အိမ်ထောင်စု၊ မပြေလည်သော အိမ်ထောင်စု၊ နွမ်းပါးသော အိမ်ထောင်စု ဟူ၍ (၄)မျိုး ခွဲခြား တွေ့မြင်နိုင်ပါသည်။ လောဂျာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၆)စု ရှိသည့်အနက် အပြေလည်ဆုံး အိမ်ထောင်စုမှာ (၁၁)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ဝင်ငွေအပိုရှာနိုင်ခြင်း၊ အရင်းအနှီး စိုက်ထုတ်နိုင်ခြင်း၊ တောင်ယာခင်း များခြင်း၊ ကျွဲ၊ နွား၊ စက်ကိရိယာ ပိုင်ဆိုင်မှုများခြင်း (ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ပုစဉ်းခေါင်း၊ လက်တွန်းထွန်စက်)တိုက်အိမ်၊ ဈေးဆိုင် တို့ဖြစ်သည်။ အသင့်အတင့်သော အိမ်ထောင်စု ပေါင်း(၅၄)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် ဆိုင်ကယ် ၊ ထော်လာဂျီ၊ လက်တွန်း ထွန်စက်၊တောင်ယာ မြေဧက (၅) ဧက အောက် ရှိခြင်း၊ကျွဲ ၊ နွားရှိခြင်း ဖြစ်ပါသည်။

လောဂျာ ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စု ပေါင်း(၁၆)စု ရှိပြီး အရင်းအနှီးမရှိ၊ နေစားလိုက်ခြင်း၊စိုက်ပျိုးမြေ ရှိသော်လည်း မလုပ်နိုင်ခြင်း၊ ကျွဲ၊ နွားမရှိခြင်း၊ သားသမီးကို ပညာရေးတွင် အားမပေးနိုင်ခြင်း ဖြစ်ပါသည်။ နွမ်းပါးသည့် မိသားစု (၅)စု ရှိပြီး ကျောင်းနေ ကလေးအရွယ် များပြားခြင်း၊ လုံ့လ ဝီရိယနည်းပါးခြင်း၊ တောင်ယာခင်းအနည်းငယ် ရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ အပိုဝင်ငွေမရှိခြင်း၊ ဝင်ငွေမှာ တောင်ယာ အငှားလိုက်ခြင်းပေါ်တွင် မှီခိုနေရခြင်း တို့ကြောင့် ဖြစ်ပါသည်။


လောဂျာကျေးရွာတွင် ဆင်းရဲ နွမ်းပါးသော အိမ်ထောင်စု များကို ကျေးရွာ ဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန် အတွက် ၎င်းတို့နှင့် တိုက်ရိုက် အကျိုးခံစားခွင့် ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုစိတ်ဝင်စား ကြပါသည်။ ဥပမာ- နွမ်းပါးသော အိမ်ထောင်စု အတွက် စိုက်ပျိုးရေးတွင် အရင်းအနှီး စိုက်ထုတ်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်း အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်စေသော လက်မှုပညာ၊ စိုက်ပျိုးရေး နည်းပညာကို ပိုမို စိတ်ဝင်စားကြပါသည်။

လောဂျာကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်မှုပြဇယား၏သုံးသပ်ချက်အရ-

(၁) တောင်ယာခင်းများသော်လည်းလုပ်ကိုင်နိုင်ရန် အရင်းအနှီးမစိုက်ထုတ်နိုင်ခြင်း။

(၂) အသိပညာဗဟုသုတနည်းပါးခြင်း။

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း



ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။၂၈.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၂၂)ဦး

မ (၂၂) ဦး

## ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လောဂျာ ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ လူမှုရေးတွင် ပါဝင်မှု အခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအား သိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

လောဂျာကျေးရွာ၏ ကျား၊မပင့်ကူအိမ်သုံးသပ်ချက်အရ ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများသည် ကျေးရွာအတွင်းရှိ သာရေး၊ နာရေး စသည့် အဖွဲ့အစည်းများ ပူးပေါင်း ပါဂင်မှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူ ပူးပေါင်းပါဝင် နေခြင်းကို တွေ့ရပါသည်။ လောဂျာကျေးရွာတွင်းရှိ အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချနိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဂင်ငွေရရှိမှုများတွင် အမျိုးသားများက ပိုမို ဦးဆောင်နေခြင်းကို လေ့လာ တွေ့ရှိပါသည်။ အိမ်တွင်းမှုနှင့် ပညာရေး လက်လှမ်းမီမှု တို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို စွမ်းဆောင် နေရခြင်းကို တွေ့ရှိရပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု့တွင် အမျိုးသမီးများသည် အမျိုးသားများထက် လက်လှမ်းမှီမှု့ ရှိပါသည်။

အမျိုးသမီးများသည် အိမ်မှု့ ကိစ္စတွင်သာ ရာနှုန်းပြည့် အချိန်ပေးရခြင်းကြောင့် ဦးဆောင်ဆုံး ဖြတ်ချက်ချမှု့တွင် အားနည်းနေပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု့ လက်လှမ်းမှီသော်လည်း အိမ်တွင်းရေးတွင်သာ အချိန်ပေးမှု များသောကြောင့် စီးပွား ဝင်ငွေ ရှာဖွေရာတွင် အားနည်းနေပါသည်။ လောဂျာကျေးရွာတွင် ဘာသာရေး၊ လူမှုရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိမှုတို့တွင် အမျိုးသား/အမျိုးသမီးတို့ တန်းတူရှိပါသည်။

အမျိုးသမီးများ အဓိက ရင်ဆိုင် နေရသည့် အခက်အခဲ ပြဿနာမှာ ပညာရေး လက်လှမ်းမှီမှု့ အားကောင်း သော်လည်း ရိုးရာ အစဉ်အလာများ စိုးမိုးထားခြင်း၊ အရက်၊ အကြောက်တရား ကြီးစိုးခြင်း တို့ကြောင့်ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝ တိုးတက် မြင့်မား လာစေရန် ရိုးရာဓလေ့နှင့် လျော်ညီသော အယူအဆ (ပြောင်းလဲသင့်သောအရာများ) ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

လောဂျာကျေးရွာတွင်း အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်လာစေရန် အမျိုးသားများမှ တာဝန် ခွဲဝေယူမှု့၊ အသိပညာပေး ဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှု့ကို လက်ခံ လေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ်နေပါသေးကြောင့် သုံးသပ် ထားပါသည်။


လောဂျာကျေးရွာ၏ ကျား၊မ ပင့်ကူအိမ် သုံးသပ်ချက် အရ -

(၁) အမျိုးသမီးများ အိမ်တွင်းမှု့တွင် ပိုမို ဦးဆောင်နေရခြင်း။

(၂) အမျိုးသမီးများ ပညာရေး အားကောင်း သော်လည်း ရိုးရာဓလေ့၊ အယူအဆများအား ယခုထိတိုင် အစွဲအလမ်း ရှိနေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အားနည်းသေးခြင်း။

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား



ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။၂၈.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၂၂)ဦး

မ (၂၂) ဦး

## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များ သုံးစွဲ ထိန်းချုပ်မှု့ ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လောဂျာ ကျေးရွာတွင် ရှိသော အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ ပိုင်ဆိုင် ထားရှိနေခြင်းကို သိရှိစေရန်၊ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေး အဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကွဲပြားခြားနားမှု့များကို သိရှိနားလည်စေရန် ရည်ရွယ်ပါသည်။

လောဂျာကျေးရွာ၏အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား၏သုံးသပ်ချက်အရ လောဂျာကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ် ဟူ၍ (၂)မျိုး တွေ့ရပြီး အရင်းအမြစ် သုံးစွဲမှု့နှင့် ထိန်းချုပ်ထားရှိမှု့ကို (၃)မျိုး ကွဲခြား တွေ့မြင်နိုင်ပါသည်။သဘာဝ အရင်းအမြစ်များမှာ သဲတောင်၊ ကျောက်တောင်၊ သစ်၊ ဝါး၊ တောင်ယာ များဖြစ်ပြီး လူ့အရင်းအမြစ်များမှာ လက်ယက်ကန်း၊ လက်သမား၊ ပန်းရံ တို့ဖြစ်သည်။ လက်ယက်ကန်းမှာ အများအားဖြင့် အမျိုးသမီးများသာ အသုံးပြုကြသောကြောင့် အမျိုးသမီးများသာ ထိန်းချုပ်ကြပါသည်။

လောဂျာ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံး အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ ဆိုင်ကယ်၊ ရေ၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ အိမ်မွေးတိရိစ္ဆာန်များ (ကြက်၊ဝက်၊နွား၊ကျွဲ) တို့ဖြစ်ပါသည်။ ရွာအနီး ပတ်ဝန်းကျင်ရှိ သဲတောင်နှင့် ကျောက်တောင်မှ ကျောက်များကို ကိုယ်ပိုင် အဆောက်အအုံများဖြစ်စေ၊ စီမံကိန်းနှင့် သက်ဆိုင်သော အခြေခံ အဆောက်အအုံ အတွက်ဖြစ်စေ လိုအပ်သလောက် ထုတ်ယူ သုံးစွဲနိုင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက ရွာမှ သတ်မှတ်ထားသော ရွာပိုင် သစ်တောများ ရှိပါသည်။ ၎င်းသစ်တောမှ သစ်များကို သစ်ဝယ်ယူရန် ခက်ခဲသော အများပိုင်အဆောက်အအုံများအတွက် အသုံးပြုနိုင်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူ အသုံးပြု ထိန်းချုပ်ထားသော်လည်း များသောအားဖြင့် အမျိုးသားများသာ ဦးဆောင်ဖြတ်ချက်ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေး အကြံပေးမှုများဖြင့်သာ ပါဝင် ဆောင်ရွက်နိုင်ပါသည်။

လောဂျာကျေးရွာ၏အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား၏သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်းလူ့အရင်းအမြစ်များ၊သဘာဝအရင်းအမြစ်များကိုကျား၊မတန်းတူ အသုံးပြုကြခြင်း။

(၂) ကျေးရွာတွင်းအရင်းအမြစ်များကိုကျား၊မတန်းတူ ထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများဦးဆောင်ဆုံးဖြတ်ချက်ချခြင်း။

(၃) အချို့သောအရင်းအမြစ်များအပေါ်အမျိုးသမီးများမှအကြံပြုဆွေးနွေးမှု့များပေးနိုင်ခြင်း။

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



ကျေးရွာ။ ။လောဂျာ ရက်စွဲ။ ။၂၈. ၁၀. ၂၀၁၇
အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၂၂) ဦး
မ (၂၂) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လောဂျာကျေးရွာ အတွင်းရှိ ကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် ချိတ်ဆက် အကျိုးပြုပုံကို သိရှိစေရန် ရည်ရွယ်ပါသည်။

လောဂျာ ကျေးရွာတွင် ကျေးရွာမှ ဖွဲ့စည်းထားသော အဖွဲ့များ၊ အခြားပြင်ပမှ လာရောက်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့ ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။ လောဂျာကျေးရွာ အတွင်းမှ ဖွဲ့စည်းထားသော အဖွဲ့ပေါင်း (၁၄)ဖွဲ့ရှိပြီး ကျေးရွာ၏ လိုအပ်ချက်များ ဖြစ်သော ကျန်းမာရေး၊ ဘာသာရေး၊ ပညာရေး၊ ကျေးရွာ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ရန်အတွက် လာရောက် ချိတ်ဆက်သော အဖွဲ့အစည်းပေါင်း (၇)ဖွဲ့ ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အခြား ပညာပေးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာများ အတွက် ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။

လောဂျာ ကျေးရွာတွင် ရပ်မိရပ်ဖ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊ main ကော်မတီ၊ မေတ္တာကော်မတီ၊ လမ်းကော်မတီ၊ CDD ကော်မတီ၊ မူကြိုကော်မတီ၊ ရေကော်မတီ စသည့် အဖွဲ့အစည်းများမှာ ရပ်ရွာ၏သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အရာများတွက် အဓိက ဦးဆောင် ပါဝင်ကြပါသည်။ C Aအဖွဲ့၊အားနာ အသင်း၊ မယ်တော်သမီးအသင်း တို့မှာ ဘာသာရေး အဖွဲ့အစည်းများဖြစ်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် အဓိက ပါဂင်သည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ် အုပ်ချုပ်ရေးမှုးရုံးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာ တွင်းလမ်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ အဆောက်အဦး တိုးချဲ့ရေးများ ရှိပါက လူထု ဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ကျေးလက် ကျန်းမာရေးဌာန နှင့်လည်း အသီးသီး ချိတ်ဆက် ဆောင်ရွက် ထားရှိကြပါသည်။

လောဂျာကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်အရ -

(၁) လောဂျာကျေးရွာတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များမှာ ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ်အုပ်စုများ ပါဝင်သည့် ကော်မတီဝင် အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေး ရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပမှ ဖွံ့ဖြိုးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်း ဖွဲ့စည်းထားသော အဖွဲ့ အသီးသီးမှ ကော်မတီဝင်များသည် ကဏ္ဍ အလိုက် ပါဝင် လုပ်ဆောင်နေခြင်း။

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းကျေးရွာအစည်းအဝေးနှင့်PRA Toolsများအသုံးပြု၍အချက်အလက်ကောက်ခံခြင်း






## ဆိုလျားကူးကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးစူးရယ် | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်ဘျားမာ | | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးရီဖဲ | ကျား | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်သိုးမိုး | မ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ထိုျုးမိုး | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးမြာရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးမီရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဦးသိုးရယ် | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၉ | ဒေါ်ညားမာ | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်မိလူ | | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးညားရယ် | ကျား | | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးလူဖဲ | ကျား | | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ် လီမာ | | မ | ကျေးရွာစာရင်းကိုင် |
| ၁၄ | **ဦးတီရယ်** | **ကျား** | | စေတနာ့ဝန်ထမ်း |
| ၁၅ | **ဒေါ်ဘူးမာ** | | မ | စေတနာ့ဝန်ထမ်း |

## ၈။ကျေးရွာအချက်အလက်( ပုံစံ-၁ )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးဝင်ရောက်ရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းစုဆောင်းရမည်၊ ဤအချက်အလက်များကို စီမံကိန်း ဝင်ရောက်အစည်းအဝေးတိုင်းမှာ တောင်းရမည်၊ စီမံကိန်းဝင်ရောက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်၊ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ဇွာ:ဂယ် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09453640184. | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကလေး မြို့နယ် မ[illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ လောဂျာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၈၆ | ဘာသာ (၁) RC ခရစ်ယာန် | ၆၀ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) [illegible] | ၂၆ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ---------- | | | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ယောက် (ကျပ်မ(မှည်)) | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ- ၇<br>မ - ၂၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၃ ဦး | ၂၁၂ ဦး |
| လူမျိုးစု (၁) ကယား | ၂၀၃ ဦး | ၂၁၂ ဦး |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| လူမျိုးစု (၄) ---------- | | |
| လူမျိုးစု (၅) ---------- | | |
| အိမ်ထောင်ဦးစီး | [illegible] | [illegible] |

]



(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား ဓာ(ကျည်)ကိုယ်ဗဟို | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ ၄ ဦး | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် ဆရာမ တစ်ယောက် ရှာ အခြားဆရာမ လေးဦး | | | မှတ်ချက် အငှားသား မှာ (၂)ဦး | | | မှတ်ချက် စက် ပြင်ဆရာ ၄ ဦး | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

(ကျောက်စင်းလမ်း) မြေသားလမ်း လူသွားလမ်း အခြား __________

လူထုဖပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဖပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၉ ခုနှစ်၊ မေတ္တာ မောင်ဒေး ရှင်း/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂ မိုင် ၂ ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၂၀ — ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား ----------------

မိုးရာသီတွင်ကြာချိန် မိနစ် ၃၀ — ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၂၀၁၄ ဆေးပြင်းဝိုက် ဒစ်(၄)လုံး ဓါတ်ကျ(၂)လုံး ဒေါ်ကျ

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖပဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ငွေပဒေသာ ကော်မတီ၊ ရေကော်မတီ၊ ကျောင်းကော်မတီ၊ မီးကော်မတီ

(၂) ကျန်းမာရေးကော်မတီ

ကျေးရွာခေါင်းဆောင် အမည် ဦးဘရာဇ်

လက်မှတ် ရက်စွဲ 28.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အယ်ကီးဘက်

လက်မှတ် ရက်စွဲ 28.10.2017

၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)


လူထုဗဟိုပြု စီမံကိန်း စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ [illegible] | | | |
| ညှိနှိုင်းရေးမှူး/ပန်းသီး အမည် ဒေါ်အေးမြင့်ဇော် | | | |
| ခုနှစ် 29.10.2017 | | စက်ဝန်းအားလုံးအတွက်ဖြစ်ပါ □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မြို့မ | ကျေးရွာ လောဂျာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | ရက်စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်ရက် | ပြီးဆုံးသည့်ရက် | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 28.10.17 | 28.10.17 | 22 | 24 | 46 | 46 ကယား |
| ၂။ ကျေးရွာ၏ ပြီးခဲ့ရာ စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 29.10.17 | 29.10.17 | 22 | 24 | 46 | 46 ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 30.10.17 | 30.10.17 | 13 | 14 | 27 | 27 ကယား၊ ကယား၊ ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မရှိ | မရှိ | မရှိ | မရှိ |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

# ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၅

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အယ် [illegible] |
| နေ့စွဲ 29.10.2019 / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ✓စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖရူဆို / ကျေးရွာအုပ်စု မြို့မ / ကျေးရွာ လောဂျာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေကာဆက်တွဲ | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလုပ်ထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း သွားလာရေးအဆင်ပြေရန် | ၁ | ရွာတွင်းလမ်း သွားလာရေး အဆင်ပြေရန် |
| ၂ | ကလေးငယ်များ လုံခြုံစိတ်ချရသော မူကြိုရှိရန် | ၂ | လုံခြုံကောင်းမွန်သော မူကြိုရှိရန် |
| ၃ | ရွာတွင်း အိမ်တိုင်ရာရောက်ရေရရန် | ၃ | ရွာတွင်း တိုက်ရိုက်ရေရရှိပြီး အချိန်ပိုရ |
| ၄ | | ၄ | ပြီး အလုပ်ပိုမို လုပ်နိုင်ရန် |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း | က + မ | ၆,၀၀၀,၀၀၀ | ၄၁၅ ဦး |
| ၂ | ဆေးပေးခန်း | က + မ | | ၄၁၅ ဦး |
| ၃ | ရေဖြန့်ပိုက် | က + မ | | ၄၁၅ ဦး |
| ၄ | ရွာတွင်းလမ်း | က + မ | | ၄၁၅ ဦး |
| ၅ | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ | စိုက်ပျိုးစေ့နှင့်မြေဩဇာ | အမျိုးသား | |
| ၂ | ကျန်းမာရေးလက်လှမ်းမီရန် | အမျိုးသား+အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး [illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---29.10.2017---

အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

၁။ ရွာတွင်းလမ်း မညီညာမှုကြောင့် မိုးရာသီတွင် သွားလာရန် အဆင်မပြေခြင်း

၂။ (၅) နှစ်အောက် ကလေးငယ်များ လုံခြုံစိတ်ချစွာ ကျောင်းတက်နိုင်ရန် မူကြိုကျောင်း မရှိခြင်း

၃။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ အားနည်းသဖြင့် သီးနှံ အထွက်နှုန်း မြင့်မားစေရေး မပြေလည်ခြင်း

၄။ သောက်သုံးရေ ခပ်သွားရာ ရေကန်မှာ ရွာပြင်တွင်ရှိသဖြင့် အချိန်ပိုပေးရခြင်း

၅။ အရေးပေါ်လူနာ နှင့် သက်ကြီးရွယ်အိုများ အချိန်မီဆေးဝါးကုသနိုင်ရန် ကျန်းမာရေး လက်လှမ်းမမှီခြင်း

အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

၁။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးတွင်းကာလတွင် ရွံ့ဗွက်ပြီး သွားလာရခက်ခဲခြင်း

၂။ (၅) နှစ်အောက် ကလေးငယ်များ မူကြိုကျောင်း အဆင်မပြေသောကြောင့် တောင်ယာသို့ခေါ်သွားရခြင်းကြောင့် မိခင်များအတွက် အခက်အခဲဖြစ်ခြင်း

၃။ ကိုယ်ဝန်ဆောင်မိခင်များ၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရန် အခက်အခဲဖြစ်ခြင်း

၄။ ရွာတွင်း ရေမရောက်ရှိသဖြင့် ရေခပ်ရာတွင် အချိန်ပိုကုန်ခြင်း

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်း ပညာ | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☑မ ☑ကျား | | |
| | ၂ | ကျန်းမာရေးလက် [illegible] | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | မူကြိုကျောင်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | ဂေရမြင့်မိုက် | ☑ မ ☑ ကျား | | |
| | ၂ | ရွာတွင်ဖါ လမ်း | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |